
ဟိန်းခက်သွင်
သမုဒယ ဇာပဝါဖြင့်

‘သမုဒ္ဒယ ဇာပဝါဖြင့် လွှမ်းဖုံးထားအပ်သည့် အချစ်၏ မျက်နှာတော်’

တစ်နေ့မှ မေ့မရကြောင်း ဝန်ခံရလိမ့်မည်။ သို့သော် … တသသ တဆွတ်ဆွတ်ဖြင့် တမ်းလင့် မျှော်ဆွေး နေခြင်းမျိုး မဟုတ်မှန်း ဘာသာ သိသည် ။ ပြန်တွေး လိုက်တိုင်း မနေ့တစ်နေ့က ကြုံဆုံ ဖြစ်ပျက်ခဲ့သည့် ပမာ ခံစားရ၏။ လှည့်ဖြားခံရသူ၊ အသုံးချခံ ရသူဟု တွေးမိလေတိုင်း ကိုယ်ညံ့သောကြောင့် ကိုယ်ခံရသည် ဟု ပင် နှလုံးမသွင်း နိုင်လောက်အောင် လှည့်ဖြားရက်သူ၊ အသုံးချရက်သူကို နာကျင် သတိရမိ၏။

သူ့ကို သိစေချင်သည် ။ မမခမ်းဝါရည်ကို သိစေချင်မိသည် ။ ပြင်းပြင်းရှရှ မုန်းတီး မိခြင်းမျိုး မဟုတ်ပါဘဲ သူ လုပ်ရက်ခဲ့သည့် အခြေအနေ တစ်ခုကြောင့် ခံစား မြည့်မောရသော ဝေဒနာတို့ နှင့် ထပ်တူ ညီမျှရာ စကားလုံး အနည်းငယ်ဖြင့် သူ့အား နာစေလိုကြောင်း၊ သိစေချင် မိပါသည် ။

ငယ်နုပျိုမြစ်စ ဘဝ အသည်းကို သူ လှည့်စား ခွဲရက်ခဲ့လေခြင်း။ အချစ်နှင့် မရင်းနှီး မကျွမ်းဝင်ခင် နုစဉ် အသည်း နှလုံးသည် ချစ်ခြင်းနှင့် ပတ်သက် ဆက်နွယ်ရာ ကိစ္စ အဖြာဖြာကို အဘယ်မှာ သိနားလည်နိုင်ပါမည်နည်း။ မသိတတ်၊ နားမလည်သေးသည့် အသည်းကို စွဲမက်တွယ်နှောင် စေပြီးကာမှ အစိမ်းခြွေ ခွဲလေသူ သူ့အား ပြောခွင့်သာလျှင် ပြောချင်သည့် စကားတို့ ကို ရင်ဝယ် အစဉ်သိမ်းထုပ် မှတ်ပိုက် ထားခဲ့မိသည် ။

ကျွန်တော့် အပေါ် အရိပ် တကြည့်ကြည့် သံယောဇဉ် ပိုရှိခဲ့သည့် မြသက်ပန်ကို ချစ်ကြင်ဖို့ ကြိုးစား မိသည့်တိုင် မမကြောင့် နာ ခဲ့ဖူးသည့် နှလုံးသားက နောက်ထပ် ပွင့်လန်းဖို့ ခွင့်မပြု။ ခဲမှန် ဖူးသော စာသူငယ် ပမာ ဝေဒနာ ထပ်သစ် ရမည်ကို စိုးမိခြင်း ဖြစ်လိမ့်မည်။ သူ့လုပ်ရပ်ကြောင့် ချစ်ခြင်းကိုပင် အယုံအကြည် ကင်းမဲ့သည် အထိ မပတ်သက် မထိတွေ့ရဲတော့ကြောင်း ကိုယ့်ကိုယ်ကိုယ် သတိပြုမိသည် ။ မငဲ့မညှာ၊ မစာနာ မတွေးသိသူဟု ပင် စွပ်စွဲချင်တော့၏။ မမ လုပ်ရက်ခဲ့သည် ။ မမခမ်းဝါရည် ကျွန်တော့်အပေါ် ရက်စက်လွန်းခဲ့သည် ။

***

'အဲဒီ မမ တော်တော် လှတယ်' ဟု မြသက်ပန်က တစ်နေရာသို့ မျက်စ ပစ်ပြရင်း ပြော၏။

သင်တန်း လမ်းထိပ်မှာ ဆိုက်ရပ်သည့် ပရာဒိုကား ရှေ့ခန်းမှ ဆင်းလာသော ခြေအစုံကို ဦးစွာ မြင်သည် ။ ကားတံခါးကို မပိတ်မီ ကိုယ်လုံးသွယ်ကို ကိုင်းညွတ်လျက် ပြုံးရယ် နှုတ်ဆက်နေပုံကို ဘာရယ် မဟုတ်ပါဘဲ ငေးမောမိသည် ။

လှမ်းသော ခြေသည် ဖွဖွညင်ညင်။ အပြုံးကို အရှိန် သတ်ကာ မျက်နှာထားကို တည်လျက် သင်တန်း ရှိရာဆီ ဦးတည် လျှောက်လာ၏။ အဝါနု ဖျော့ပေါ်တွင် အနက်ပွင့် ကလေးများ ဆင်ထားသည့် မြန်မာဝတ်စုံ ဝမ်းဆက်နှင့် လိုက်ဖက် လွန်းလှသည် ။ လေနု တစ်ချက် အခတ်မှာ ဆံနက်ရှည်စင်းတို့ ဝဲလူပ် သွားပုံကို ကဗျာဆန်သည် ဟု စိတ်တွင် မှတ်ထင်မိသည် ။

‘ငါတို့ သင်တန်းမှာ အဲဒီမမက စတားပဲ၊ ကောင်လေးတွေဆို မမမှ မမပဲ’

မြသက်ပန် စကားကို မကြားတစ်ချက် ကြားတစ်ချက်။

‘ခမ်းဝါရည်တဲ့ ၊ နာမည်နဲ့ လူနဲ့ လိုက်တယ်၊ မိန်းကလေးချင်းတောင် ငေးနေရတဲ့ အလှမျိုး’

ဟုတ်သည် ၊ လှသည် ။ သူ သိပ်လှသည် ။ မမ … မမ သိပ်လှသည် ။

‘ပရာဒိုနဲ့ လာပို့တာ သူ့အစ်ကို ဝမ်းကွဲလို့ ပြောတာပဲ၊ တစ်ခါတလေ လိုက်ပို့ လိုက်ကြိုတာ မြင်ဖူးတယ်’

အနီးမှ ဖြတ်လျှောက်သည် ။ ဇွေခနဲ ဝဲသက် လာသည့် မျက်ဝန်းနက် အစုံ၏ သာမန်ကာရှန်ကာ အကြည့်။ မျက်တောင်ဖျားရှည်ကို ပင့်လှန်လျက် စက္ကန့် တဖျပ်ဖျပ်မျှ ငေ့ကြည့်ရုံတွင် ကျွန်တော့်ကမ္ဘာ ခေတ္တ တန့်ရပ်ရသည် ။

‘ဘယ်လိုလဲ၊ မမခမ်းဝါရည်ကို အရူးအမူး ဖြစ်ကြတဲ့ ယောက်ျားတွေထဲမှာ နင်လည်း တစ်ယောက် အပါအဝင် ဖြစ်သွားပြီ မဟုတ်လား’

မြသက်ပန်၏ ထေ့ငေါ့ စကားကို ကြားမှ သတိဝင်၏။ ကျွန်တော် ဟန်ကိုယ်ဖို့ လျက် ဟက်ခနဲ ရယ်သည် ။

‘လှတာမြင်တိုင်း အရူးအမူး ဖြစ်ရလောက်တဲ့ အထိ ငါ့နှလုံးသား မသိမ်ငယ်ဘူး သက်ပန်၊ အလှကို အလှလို့ ခံစားမြင်ရုံ၊ အလှအပေါ် စီးမျော သက်ဝင်ရုံ’

‘မချစ်ချင်ဘူးပေ့ါ၊ အဲဒီလိုလား’

‘အနုပညာ ပစ္စည်း တစ်ခုခု၊ ဥပမာ ပန်းချီ တစ်ကားရဲ့ အနုအလှကို

ခံစားတဲ့ သဘောမျိုးဟ’

‘စကား တတ်လိုက်တာဟယ်၊ ပြီးရော … မချစ်နဲ့ ၊ လှတာ မက်ရင် ညစာ ခက်လိမ့်မယ်’

ကျွန်တော် သဘောကျစွာ ပြုံးမိ၏။

‘အထဲဝင် ရအောင်၊ သင်တန်း စတော့မယ်’ ဟု မြသက်ပန် ပြောသည် ။

***